## တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေး ဥပဒေ

**( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၁၃ ။)**

**၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )**

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီး တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်−

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်။



(ပ) **စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက ချမှတ်သော ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဆိုသည်။

### အခန်း (၂)

### ကော်မတီဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်−

(က) ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(ဂ) ဒုတိယညွှန်ကြားရေးမှူး အဆင့်ထက်မနိမ့်သောတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(ဃ) ဒုတိယရဲမှူးကြီး အဆင့်ထက်မနိမ့်သော တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦး — အဖွဲ့ဝင်

(င) တိုင်းဒေသကြီးဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(စ) ယာဉ်လိုင်းတာဝန်ခံ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) **ကော်မတီ** ဆိုသည်မှာ ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေး လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(င) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အင်အားဖြင့် မောင်းနှင်၍သော်လည်းကောင်း၊ ဆွဲငင်၍သော်လည်းကောင်း၊ အသုံးပြုသည့်ယာဉ်၊ စက်၊ ထရော်လီဘတ်စ်ကား၊ ဝန်ဆွဲယာဉ် သို့မဟုတ် နောက်တွဲ တစ်ခုခုကိုဆိုသည်။

(စ) **ယာဉ်ပိုင်ရှင်** ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် သတ်မှတ်ချက်များနှင့်အညီ ပြေးဆွဲနေသည့် ပုဂ္ဂလိက မော်တော်ယာဉ်ပိုင်ရှင်ကိုဆိုသည်။

(ဆ) **ယာဉ်လုပ်သား** ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင် နေသော အငှားယာဉ်၌ လိုင်စင်ရရှိထားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဂန်ဆောင်မှုပေးသူများကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်လိုင်း** ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကိုဆောင်ရွက်သည့် အငှား မော်တော်ယာဉ် များဖြင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကိုဆိုသည်။



(ဈ) **ယာဉ်လုပ်ငန်း** ဆိုသည်မှာ အငှားမော်တော်ယာဉ်များကို အသုံးပြု၍ စီးပွားရေး လုပ်ကိုင်သော လုပ်ငန်းကို ဆိုသည်။

(ည) **ပုဂ္ဂလိကအငှားယာဉ်** ဆိုသည်မှာ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ အငှားယာဉ်အဖြစ် မှတ်ပုံတင်၍ စီးပွားရေးအလို့ငှာ ပြေးဆွဲနေသော ယာဉ်ကိုဆိုသည်။

(ဋ) **ရန်ပုံငွေ** ဆိုသည်မှာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံရရှိသော ငွေကို ဆိုသည်။

(ဌ) **ကော်မတီရုံးဝန်ထမ်း** ဆိုသည်မှာ ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီက ခန့်ထားသူများကိုဆိုသည်။

(ဍ) **ယာဉ်လိုင်းတာဝန်ခံ** ဆိုသည်မှာ သက်ဆိုင်ရာယာဉ်လိုင်း တစ်ခုကို ကိုယ်စားပြု၍ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက် သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဂိတ်မှူးများလည်း အကျုံးဝင်သည်။

(ဆ) တိုင်းဒေသကြီးကော်မတီနှင့် ခရိုင်ကော်မတီတို့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မော်တော်ယာဉ်လိုင်းနှင့် ယာဉ်လုပ်ငန်း လျှောက်ထားမှုများကို စိစစ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ခရီးသည်တင်မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဂ) ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်ရပ်နားစခန်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်းတို့ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိမရှိ စိစစ်ကြီးကြပ်ခြင်း၊



(ဆ) တိုင်းဒေသကြီးဦးစီးမှူး၊ အတွင်းရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

၄။ တိုင်းဒေသကြီးကော်မတီသည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးရမည်။

၅။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှ သုံးနှစ်ဖြစ်သည်။

## အခန်း (၃)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မော်တော်ယာဉ်များ သယ်ယူပို့ဆောင်ပြေးဆွဲရေး လုပ်ငန်းကို ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ စည်းကမ်းသေဝပ်ရေးနှင့် စည်းလုံးညီညွတ် မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မော်တော်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေး စနစ်များ ခေတ်မီစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစား အလိုက်ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

( င ) မော်တော်ယာဉ်လိုင်းများကို စိစစ်ခွင့်ပြုခြင်း၊

( စ ) တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် အခြားတာဝန်များ ကိုဆောင်ရွက်ခြင်း။

၇။ ခရိုင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) မော်တော်ယာဉ်လိုင်းများအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း ၊

( ခ ) မော်တော်ယာဉ်လိုင်း တစ်ခုခုတွင် ပါဝင်ပြေးဆွဲနိုင်ရန် မော်တော်ယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်၊ အခြား လိုအပ်သော အထောက်အထားများ ပြည့်စုံမှု ရှိမရှိ စိစစ်ခြင်း၊

( ဂ ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှု လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်ကော်မတီ၊ ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊



( င ) တိုင်းဒေသကြီးကော်မတီမှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များ ကို ထမ်းဆောင်ခြင်း။

၈။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) မော်တော်ယာဉ်များ သတ်မှတ်ခရီးသည်အရေအတွက်နှင့် ခွင့်ပြုတန်ချိန်ထက်ပိုမိုတင်ဆောင်ခြင်းရှိမရှိစစ်ဆေးခြင်း၊

( ခ ) မော်တော်ယာဉ်များသတ်မှတ်ခရီးစဉ်အတိုင်းပြေးဆွဲခြင်း ရှိမရှိ စစ်ဆေးခြင်း၊

( ဂ ) မော်တော်ယာဉ်များ ခွင့်ပြုလုပ်ငန်း အမျိုးအစားအတိုင်း ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ယာဉ်လုပ်သားများသည် သတ်မှတ်စည်းကမ်းချက်များ အတိုင်း ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

( င ) သတ်မှတ်ချက်များနှင့်အညီ ရန်ပုံငွေကောက်ခံခြင်းနှင့် သုံးစွဲခြင်း၊

( စ ) ယာဉ်အမျိုးအစားအလိုက် ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပို့ဆောင်ရေးလိုင်စင်မရှိဘဲ ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၈)

## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၂၂။ ကော်မတီသည် ပုဒ်မ ၂၁ (ခ)(ဂ)(ဃ) တို့တွင် တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊

( ခ ) လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရပ်စဲခြင်း၊

( ဂ ) လုပ်ငန်းလိုင်စင်ပယ်ဖျက်ခြင်း။

## အခန်း (၉)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်လုပ်ငန်းလုပ်ကိုင်လျှင်–



( င ) လူနှင့်မော်တော်ယာဉ် အာမခံထားရှိစေရန် စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း။

၁၀။ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) မော်တော်ယာဉ် အမျိုးအစားအလိုက် ကော်မတီများ ဖွဲ့စည်းပေးခြင်း၊

( ခ ) မော်တော်ယာဉ်လိုင်းဝင်ကြေး၊ လစဉ်ကြေးသတ်မှတ်ခြင်း၊

( ဂ ) မော်တော်ယာဉ်လိုင်းအမျိုးအစားအလိုက် ပြေးဆွဲမည့် ခရီးလမ်းကြောင်းများ သတ်မှတ် ပေးခြင်း၊

(ဃ) ယာဉ်လိုင်းတာဝန်ခံများကို မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း၊

( င ) ယာဉ်လိုင်းတာဝန်ခံများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( စ ) မော်တော်ယာဉ်နှင့် ယာဉ်လုပ်သားများ၏ လိုင်စင်များကို စစ်ဆေးခြင်း၊

(ဆ) မော်တော်ယာဉ်နှင့်သက်ဆိုင်သော ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်း ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း။

## အခန်း (၅)

## ဘဏ္ဍာရေး

၁၁။ ကော်မတီသည် နည်းဥပဒေနှင့်အညီရရှိသော ငွေဖြင့်ရပ်တည်ရမည်။

၁၂။ ကော်မတီ၏ ရန်ပုံငွေကို သီးခြား ဘဏ်စာရင်း ဖွင့်လှစ်ထား ရှိရမည်။

၁၃။ ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သာရန်ပုံငွေကို သုံးစွဲရမည်။

၁၄။ ကော်မတီသည် ရန်ပုံငွေ တိုးပွားစေရန်အတွက်လည်းကောင်း၊ လုပ်ငန်းများတိုးတက်စေရန်အတွက်လည်းကောင်း၊ နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

၁၅။ ကော်မတီဝင်များ၏ ထောက်ပံ့ကြေးနှင့် ဝန်ထမ်းများအတွက် စရိတ်တို့ကို နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန် သုံးစွဲခြင်းမပြုရ။

၁၆။ ကော်မတီသည် ငွေစာရင်း၊ပစ္စည်းစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိရမည်။



၁၇။ ကော်မတီ၏ စာရင်းအင်းများကို လက်မှတ်ရစာရင်းကိုင်ဖြင့် စစ်ဆေး အတည်ပြုရမည်။

## အခန်း (၆)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၈။ ကော်မတီသည် လိုအပ်သော ရုံးဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲပြီး ဝန်ကြီး၏ အတည်ပြုချက်ရယူရမည်။

၁၉။ ကော်မတီသည်ရုံးဝန်ထမ်းများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီစိစစ်ခန့်ထား ရမည်။

၂၀။ ကော်မတီသည် ရုံးဝန်ထမ်းများကိုကြီးကြပ်ကွပ်ကဲရန် ကော်မတီ ရုံးတာဝန်ခံအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)

## တားမြစ်ချက်များ

၂၁။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ –

(က) ယာဉ်လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဂ္ဂလိကအငှားယာဉ် ပြေးဆွဲခြင်းမပြုရ။

(ဂ) မော်တော်ယာဉ်လိုင်းသို့ဝင်ရောက် ပြေးဆွဲခြင်းမပြုရ။

(က) ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။

( ခ ) နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက် အနည်းဆုံး ငွေဒဏ် ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ ကော်မတီကဖြစ်စေ၊ ကော်မတီ၏တာဝန်ပေးအပ်ချက်အရဖြစ်စေ၊ ယာဉ်လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်အရ စစ်ဆေးဆောင်ရွက်သူအား တားဆီးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းပြုလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် တစ်လမှ အများဆုံး ထောင်ဒဏ် ခြောက်လအထိ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၅။ ကော်မတီများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ကို သုံးစွဲခွင့်ရှိပြီးဥပဒေနှင့်အညီဆက်ခံ ခွင့်ရှိသည်။

၂၆။ ပုဒ်မ ၂၃နှင့် ပုဒ်မ ၂၄ တို့အရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၂၈။ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီ ထံသို့ လွှဲပြောင်းပေးရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။



(ခ) တိုင်းဒေသကြီး ကော်မတီသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ ပုဂ္ဂလိက အငှားယာဉ်များ ပြေးဆွဲရေးဥပဒေ (၂၀၁၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၅။)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မြတ်ကို

ဝန်ကြီးချုပ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)ကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း (၃) ကော်မတီ၏လုပ်ငန်းတာဝန်များ | ၅ |
| ၄။ | အခန်း (၄) လုပ်ပိုင်ခွင့်များ | ၈ |
| ၅။ | အခန်း (၅) ဘဏ္ဍာရေး | ၁၀ |
| ၆။ | အခန်း (၆)ဝန်ထမ်းဖွဲ့စည်းပုံ | ၁၁ |
| ၇။ | အခန်း (၇) တားမြစ်ချက်များ | ၁၁ |
| ၈။ | အခန်း (၈)စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း | ၁၂ |
| ၉။ | အခန်း (၉) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၂ |
| ၁၀။ | အခန်း (၁၀) အထွေထွေ | ၁၄ |


# ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးနည်းဥပဒေများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း (၃)ခရိုင်ကော်မတီ၊မြို့နယ်ကော်မတီများဖွဲ့စည်းခြင်း | ၅ |
| ၄။ | အခန်း (၄)ကော်မတီ၏လုပ်ငန်းတာဝန်များ | ၁၁ |
| ၅။ | အခန်း (၅)ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၁၄ |
| ၆။ | အခန်း (၆)မော်တော်ယာဉ်လိုင်းများ၊ ယာဉ်လုပ်ငန်းများ ဖွဲ့စည်းခြင်း | ၁၆ |
| ၇။ | အခန်း (၇) မော်တော်ယာဉ်လိုင်းဆိုင်ရာကိစ္စရပ်များ | ၁၈ |
| ၈။ | အခန်း (၈)အစည်းအဝေးကျင်းပခြင်း | ၂၀ |
| ၉။ | အခန်း (၉)ကော်မတီ၏ ရငွေနှင့် သုံးငွေများသတ်မှတ်ခြင်း | ၂၁ |
| ၁၀။ | အခန်း (၁၀)ဝန်ထမ်းဖွဲ့စည်းခြင်း | ၂၃ |
| ၁၁။ | အခန်း (၁၁)စည်းကမ်းသတ်မှတ်ချက်များ | ၂၅ |
| ၁၂။ | အခန်း (၁၂)ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း | ၂၈ |
| ၁၃။ | အခန်း (၁၃)အခကြေးငွေများ | ၂၈ |
| ၁၄။ | အခန်း (၁၄)အထွေထွေ | ၂၉ |

## အခန်း (၂)

## ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးကော်မတီသည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများအား ရွေးချယ်မည့် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(ဂ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဃ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ
အမှုဆောင်အရာရှိ အဖွဲ့ဝင်

(င) မြို့နယ်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၁ / ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဂ္ဂလိက ယာဉ်များ ပြေးဆွဲရေး ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေး နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိက ယာဉ်များပြေးဆွဲရေး ဥပဒေကို ဆိုသည်။

(ခ) **နည်းဥပဒေ** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်များပြေးဆွဲရေး နည်းဥပဒေများကိုဆိုသည်။

(ဂ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့ကို ရွေးချယ်ပေး သည့်အဖွဲ့ကို ဆိုသည်။

(ဃ) **ယာဉ်အမျိုးအစားလိုက် ကော်မတီ** ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည် ပို့ဆောင်ရေး၊ ထရော်လာဂျီယာဉ်၊ သုံးဘီးယာဉ်နှင့် ဤနည်းဥပဒေများနှင့်အညီ ယာဉ်အမျိုးအစားအလိုက် ဖွဲ့စည်းသည့်ကော်မတီကို ဆိုသည်။

(င) **မှတ်ပုံတင်ကြေး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လိုင်းနှင့် ယာဉ်လုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းလိုင်စင်ရယူပြီးသော မော်တော်ယာဉ်များအား ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရာတွင် ပေးဆောင်ရသော ငွေကြေးကိုဆိုသည်။

(စ) **လိုင်းဝင်ကြေး** ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ အငှားယာဉ်အဖြစ် မှတ်ပုံတင်၍ စီးပွားရေးအလို့ငှာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးဆောင်ရသော ငွေကြေးကို ဆိုသည်။



(ဆ) **လစဉ်ကြေး** ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ အငှားယာဉ်အဖြစ် မှတ်ပုံတင်၍ စီးပွားရေးအလို့ငှာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလစဉ်ပေးဆောင်ရသော ငွေကြေးကိုဆိုသည်။

(ဇ) **ကြီးကြပ်ခ** ဆိုသည်မှာ မှတ်ပုံတင်ခွင့်ပြုထားသော မော်တော်ယာဉ်အသင်းများ လက်အောက်ရှိ မော်တော်ယာဉ်များအား ကြီးကြပ်စစ်ဆေးခြင်း၊ တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော မော်တော်ယာဉ်များအား ကြီးကြပ်စစ်ဆေးခြင်းတို့အတွက် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးဆောင်ရသော ငွေကြေးကို ဆိုသည်။

(ဈ) **ဒဏ်ကြေး** ဆိုသည်မှာ ဥပဒေပါပြစ်မှုများ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များ၊ ကော်မတီမှ ထုတ်ပြန်သည့် စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်းအတွက် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ထမ်းဆောင်ရသော ငွေကြေးကို ဆိုသည်။

၆။ ကြီးကြပ်ရေးအဖွဲ့သည် ခရိုင်ကော်မတီဝင်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကော်မတီများမှ နည်းဥပဒေ ၄ ပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ ၂ ဦးစီအား ခရိုင်ကော်မတီဝင်လောင်းအဖြစ် ကြီးကြပ်ရေးအဖွဲ့သို့ (၃) ရက်ကြိုတင်၍ စာရင်းတင်သွင်းနိုင်သည်။

(ခ) ကော်မတီဝင်လောင်းအမည်စာရင်းကို ကြီးကြပ်ရေးအဖွဲ့မှ စိစစ်ပြီးရွေးချယ်ပွဲမတိုင်မီ (၁)ရက်ကြိုတင်၍ အတည်ပြုထုတ်ပြန်ပေးရမည်။

(ဂ) ရွေးချယ်ပွဲသို့ ခရိုင်ကော်မတီဝင်လောင်း ခုနစ်ဆယ့်ငါးရာခိုင်နှုန်း (၇၅ရာခိုင်နှုန်း) တက်ရောက်မှသာ ရွေးချယ်ပွဲကို စတင်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဝင်လောင်း အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ ခရိုင်ကော်မတီဝင် ၅ ဦး သို့မဟုတ် သတ်မှတ်သောအရေအတွက်ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(င) ကော်မတီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။



## အခန်း (၃)

## ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများဖွဲ့စည်းခြင်း

၄။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသား ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် ယာဉ်ပိုင်ရှင် ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အတွင်း အခြေချနေထိုင်သူ ဖြစ်ရမည်။

(ဃ) ကော်မတီလုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်၍ အများက ကြည်ညိုလေးစားခြင်းခံရသော ယာဉ်လုပ်ငန်း လုပ်ကိုင်သူ ဖြစ်ရမည်။

၅။ ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်ကော်မတီဝင်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကော်မတီရွေးချယ်ပွဲ ကျင်းပမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို (၇)ရက်ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင် ယာဉ်ပိုင်ရှင်များအားလုံး ကို ဖိတ်ကြားရမည်။

(ခ) နည်းဥပဒေ ၄ ပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုပါက (၃)ရက်ကြိုတင်၍ အမည်စာရင်းတင်သွင်းနိုင်သည်။

(ဂ) ကော်မတီဝင်လောင်းအမည်စာရင်းကို ကြီးကြပ်ရေးအဖွဲ့မှ စိစစ်ပြီးရွေးချယ်ပွဲမတိုင်မီ (၁)ရက်ကြိုတင်၍ အတည်ပြုထုတ်ပြန်ပေးရမည်။

(ဃ) ရွေးချယ်ပွဲသို့ သက်ဆိုင်ရာ မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ထားသည့် ယာဉ်ပိုင်ရှင် ထက်ဝက်ကျော် တက်ရောက်မှသာ ရွေးချယ်ပွဲကိုစတင်ဆောင်ရွက်ရမည်။

(င) ရွေးချယ်ပွဲတွင် မြို့နယ်ကော်မတီ၌ မှတ်ပုံတင်ထားသည့် ယာဉ်ပိုင်ရှင် ကိုယ်တိုင် ဆန္ဒမဲပေးခွင့်ရှိသည်။

(စ) ကော်မတီဝင်လောင်း အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ ကော်မတီဝင် ၅ ဦးကို ယာဉ် ပိုင်ရှင်များမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။



(ဆ) ကော်မတီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(ဇ) ကြီးကြပ်ရေးအဖွဲ့သည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများကို ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးကော်မတီ၏ အတည်ပြုချက်ဖြင့် ကော်မတီဝင်ဦးရေကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဈ) ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ခံရသူများ၏ အမည်စာရင်းနှင့် ရွေးချယ်မှုဆိုင်ရာ မှတ်တမ်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

(ည) ရွေးချယ်ခြင်းခံရသည့် ကော်မတီအား အစိုးရအဖွဲ့က အတည်ပြုသည့်နေ့မှ (၁၅)ရက်အတွင်း လက်ရှိကော်မတီဟောင်းက ကော်မတီအသစ်သို့ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးရမည်။

(ဋ) ရွေးချယ်ပွဲဆိုင်ရာ ကုန်ကျစရိတ်အား ကော်မတီ၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၁၃။ ခရိုင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) မော်တော်ယာဉ်လိုင်းများအား ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ခရီးစဉ်များကို ပြေးဆွဲနိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပြေးဆွဲရေး လုပ်ငန်းကို စနစ်တကျထိန်းသိမ်း ကြီးကြပ်ခြင်း၊

(ဂ) ခရီးသည် ပို့ဆောင်ရေးယာဉ် ရပ်နားစခန်း၊ ကုန်စည်ပို့ဆောင်ရေး ယာဉ်ရပ်နားစခန်းများတွင် ယာဉ်များ စနစ်တကျ ဝင်ထွက်ခြင်း၊ ရပ်နားခြင်းများရှိစေရန် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသောယာဉ်များနှင့် အခြားဒေသမှလာရောက် ပြေးဆွဲသည့် ယာဉ်များ၏ ယာဉ်စီးရေ၊ပြေးဆွဲသည့်ခရီးစဉ်၊ နေ့စဉ်ပြေးဆွဲစီးရေ၊ ခေါက်ရေ၊ ခရီးသည်ဦးရေ၊ တင်ဆောင်သည့် ကုန်တန်ချိန်တို့ကို သတ်မှတ်ပုံစံဖြင့် ပြုစုပြီး တိုင်းဒေသကြီးကော်မတီသို့ လစဉ် အစီရင်ခံတင်ပြခြင်း၊



(စ) သတ်မှတ်သော အရေအတွက်ဖြင့် ရွေးချယ်သည့် ခရိုင်များတွင် ဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

၇။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများဖွဲ့စည်းရာတွင် –

(က) ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ခံရသူများ၏ အမည်စာရင်းနှင့် ရွေးချယ်မှုဆိုင်ရာ မှတ်တမ်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

(ခ) ရွေးချယ်ခြင်းခံရသည့် ကော်မတီအား အစိုးရအဖွဲ့က အတည်ပြုသည့်နေ့မှ (၁၅)ရက်အတွင်း လက်ရှိကော်မတီဟောင်းက ကော်မတီအသစ်သို့ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးရမည်။

(ဂ) ရွေးချယ်ပွဲဆိုင်ရာ ကုန်ကျစရိတ်အား ကော်မတီ၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၈။ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီဝင်များ၏ သက်တမ်းမှာ ကော်မတီသက်တမ်းအတိုင်း ဖြစ်သည်။ ကော်မတီဝင်တစ်ဦးသည် ကော်မတီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထက် ပို၍ပါဝင် ခွင့်မရှိစေရ။

၉။ တိုင်းဒေသကြီးကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်လာပါက ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီနှင့် ကော်မတီဝင်များကို တာဝန်မှရပ်စဲ၍ အသစ်ပြန်လည် ဖွဲ့စည်းခြင်း၊ အစားထိုးရွေးချယ်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်–

(က) ယာဉ်ပိုင်ဆိုင်မှု မရှိခြင်း၊

(ခ) နည်းဥပဒေ ၄ပါ ကော်မတီဝင်အရည်အချင်းနှင့် ကိုက်ညီမှု မရှိခြင်း၊

(ဂ) ကွယ်လွန်ခြင်း၊

(ဃ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် နိုင်စွမ်းမရှိခြင်း၊

(င) ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော ယာဉ်ပိုင်ရှင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း (၇၅ရာခိုင်နှုန်း)က ခရိုင်ကော်မတီနှင့် မြို့နယ်ကော်မတီကို ဖျက်သိမ်းပေးရန် တိုင်းဒေသကြီးကော်မတီသို့ အကျိုးအကြောင်း ခိုင်လုံစွာတင်ပြခြင်း။

၁၀။ ကော်မတီဝင်တစ်ဦးဦးက မိမိဆန္ဒအလျောက်နုတ် ထွက်ခွင့်ပြုရန် တင်ပြလာပါက သက်ဆိုင်ရာ ကော်မတီက စိစစ်ပြီး တိုင်းဒေသကြီးကော်မတီသို့တင်ပြခြင်း၊ အစားထိုးရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၁။ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနေရာ လစ်လပ်ပါက တိုင်းဒေသကြီး ကော်မတီ၏ ကြီးကြပ်မှုဖြင့် သင့်လျော်



သည့်ကော်မတီဝင် တစ်ဦးဦးအား ပူးတွဲတာဝန် ထမ်းဆောင်စေ၍ ဥပဒေနှင့်အညီ အစားထိုးရွေးချယ်ရမည်။

## အခန်း (၄)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၂။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မော်တော်ယာဉ် လိုင်းအသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ယာဉ်အင်အား ပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစားပြောင်းလဲခြင်းနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က မေးမြန်းလျှင် စိစစ်ပြီး ပြန်လည်တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က)ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(ဂ) ခရီးသည်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခနှုန်းထားများကို အခါအားလျော်စွာ သင့်လျော် သည့်နှုန်းထား သတ်မှတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တွက်ချက်ပုံနှင့်တကွ အဆိုပြုတင်ပြ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်အတိုင်း သတ်မှတ်ရမည်။

သတ်မှတ်ချက်များအတိုင်း ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စစ်ဆေးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်း။

၁၇။ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဥပဒေအရ မှတ်ပုံတင်ပြီး ကော်မတီမှ ခွင့်ပြုထားသော ယာဉ်လုပ်ငန်းများကို သက်ဆိုင် ရာမြို့နယ်အလိုက် ကြီးကြပ်ခြင်း၊

(ခ) သက်ဆိုင်ရာမြို့နယ်အတွင်း ပြေးဆွဲသော မော်တော်ယာဉ်များ၊ မြို့နယ်အတွင်း၊ မြို့နယ်ကျော်ပြေးဆွဲရန် ခွင့်ပြုထားသည့်မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးအတွက် ကြီးကြပ်ခြင်း၊

(ဂ) ကွင်းဆင်းကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## မော်တော်ယာဉ်လိုင်းများ၊ ယာဉ်လုပ်ငန်းများဖွဲ့စည်းခြင်း

၁၈။ တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လိုင်းများ၊ ယာဉ်လုပ်ငန်းများ၏ ဖွဲ့စည်းမှုမှာ အောက်ပါ အတိုင်းဖြစ်သည်–



(င) ယာဉ်ပိုင်ရှင်များမှ ယာဉ်အာမခံ၊ ခရီးသွားအာမခံ၊ ဥပဒေနှင့်အညီ ပေးဆောင်ရမည့် အခြားအခွန်အခ များ အပြည့်အဝပေးဆောင်စေရန်နှင့် ၎င်းတို့၏ အကျိုးခံစားခွင့်များကို မြန်ဆန်စွာရရှိရေးအတွက်ဆောင်ရွက်ခြင်း။

၁၄။ မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ မထွက်ခွာမီ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမှုရှိမရှိနှင့် ခွင့်ပြုအလေးချိန်ထက် ပိုမိုတင်ဆောင်မှုရှိ မရှိ ကြီးကြပ်စစ်ဆေးခြင်း၊

(ခ) ယာဉ်စီးခနှုန်းထားများ၊ ကုန်စည်တင်ဆောင်ခ နှုန်းထားများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဆောင်ရွက်ခြင်းရှိ မရှိစစ်ဆေးခြင်း၊

(ဂ) ယာဉ်အမျိုးအစားအလိုက် ကော်မတီများ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလျက်ရှိသော ခရီးစဉ်အလိုက် ယာဉ်များ ပြေးဆွဲမှုအား ကြီးကြပ်ခြင်း၊

(ဃ) မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိယာဉ်လိုင်းများ၊ ခရီးစဉ်အလိုက် ပြေးဆွဲ လျှက်ရှိသော မော်တော်ယာဉ်များ၊

နေ့စဉ်ယာဉ်ဝင်ထွက်စာရင်း၊ ယာဉ်လုပ်သားစာရင်း တို့ကို သတင်းပို့ မှတ်တမ်းစာအုပ်ဖြင့် သတ်မှတ်စည်းကမ်းများ အတိုင်း စနစ်တကျ ပြေးဆွဲရေးအတွက် ကြီးကြပ်ခြင်း၊

(င) ရန်ပုံငွေ၊ အဆောက်အအုံ၊ပစ္စည်းများထိန်းသိမ်း သုံးစွဲခြင်း တို့ကိုဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း။

**အခန်း (၅)**

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၅။ တိုင်းဒေသကြီးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြား ချက်များအတိုင်း မော်တော်ယာဉ်လိုင်း၊ ယာဉ်လုပ်ငန်းနှင့် ယာဉ်လုပ်သားများက လိုက်နာ ဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ခြင်း၊



(ခ) သက်ဆိုင်ရာ ကော်မတီတွင် မှတ်ပုံတင်ထား သောယာဉ်များ၊ ယာဉ်လုပ်သားများသည် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိပါက စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း။

၁၆။ ခရိုင်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြို့နယ်ကော်မတီနှင့် ယာဉ်အမျိုးအစားအလိုက် ကော်မတီ တို့သည် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ခ) ယာဉ်ပိုင်ရှင်များ သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်လုပ်သားများ၊ ယာဉ်ပြေးဆွဲခြင်းလုပ်ငန်း ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ဖြစ်ပွားသည့် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဂ) ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီ ရုံးဝန်ထမ်းများနှင့် ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများထုတ်ပြန်ခြင်း၊

(ဃ) ပြေးဆွဲနေသော မော်တော်ယာဉ်များ၊ သတ်မှတ်ခရီးစဉ်၊ သတ်မှတ်ယာဉ်စီးခ၊ သတ်မှတ် စည်းကမ်းများနှင့်အညီ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊

(ဂ) မော်တော်ယာဉ်လိုင်းအငယ် (မော်တော်ယာဉ် ၅ စီး အထိ)၊

(ဃ) ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်း။

**အခန်း (၈)**

**အစည်းအဝေးကျင်းပခြင်း**

၂၁။ ခရိုင်ကော်မတီ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပရမည်–

(က) ပုံမှန်အစည်းအဝေးကို (၁၅)ရက်တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူး အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

(ခ) ခရိုင်ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကော်မတီဥက္ကဋ္ဌ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီ ဥက္ကဋ္ဌများ ပါဝင်သော အစည်းအဝေးကို (၁)လတစ်ကြိမ် ကျင်းပရမည်။

(ဂ) နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး (၂)လအတွင်း နှစ်ပတ်လည် အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၂၂။ မြို့နယ်ကော်မတီများ၊ ယာဉ်အမျိုးအစားအလိုက်ကော်မတီများ၏ အစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပရမည်–

(က) ပုံမှန်အစည်းအဝေးကို (၁၅)ရက်တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူး အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။



(က) မော်တော်ယာဉ်ဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း တို့ကိုဆောင်ရွက်ရာတွင် ကော်မတီ၌ စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းတို့ ပြုလုပ်ပြီး မှသာပြေးဆွဲခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်ရန် စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်း ပြုလုပ်ထားသော ယာဉ်ကိုသာလျှင် မြို့နယ် ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်အဖြစ် သတ်မှတ်သည်။

(ဂ) ထားဝယ်မြို့နယ်ရှိ အဝေးပြေးခရီးသည် ပို့ဆောင်ရေး လုပ်ငန်းများ၊ အခြားဒေသမှ ထားဝယ်မြို့သို့ ဝင်ရောက်သွားလာနေသော ခရီးသည် ပို့ဆောင်ရေးယာဉ်များအား ထားဝယ်မြို့နယ် အဝေးပြေးခရီးသည် ပို့ဆောင်ရေး လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှု အောက်ရှိ လုပ်ငန်းနှင့်ယာဉ်အဖြစ် သတ်မှတ်သည်။

(ဃ) ထားဝယ်မြို့နယ်ရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ အခြားဒေသမှ ထားဝယ်မြို့သို့ ဝင်ရောက်သွားလာနေသော ကုန်စည်ပို့ဆောင်ရေးယာဉ်များအား ထားဝယ်မြို့နယ် ကုန်တင်ယာဉ်လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ၏ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းနှင့်ယာဉ်အဖြစ် သတ်မှတ်သည်။

(င) ထားဝယ်မြို့နယ်အတွင်း ပြေးဆွဲလုပ်ကိုင်ရန် စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်း ပြုလုပ်ထားသည့် သုံးဘီးဆိုင်ကယ်များနှင့် ထရော်လာဂျီယာဉ်များအား ထားဝယ်မြို့နယ် သုံးဘီးဆိုင်ကယ်လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီနှင့် ထရော်လာဂျီ ယာဉ်လုပ်ငန်းထိန်းသိမ်း ကြီးကြပ်ရေးကော်မတီတို့၏ ကြီးကြပ်မှုအောက်ရှိလုပ်ငန်း နှင့်ယာဉ်အဖြစ်သတ်မှတ်သည်။

(စ) ထားဝယ်မြို့နယ်မှအပ တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များ၏ ခရီးသည် ပို့ဆောင်ရေးယာဉ်များ၊ ကုန်တင်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထရော်လာဂျီ ယာဉ်များသည် သက်ဆိုင်ရာမြို့နယ်ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ရှိသည်။

## အခန်း (၇)

## မော်တော်ယာဉ်လိုင်းဆိုင်ရာ ကိစ္စရပ်များ

၁၉။ မော်တော်ယာဉ်လိုင်းဆောင်ရွက်ရာတွင် အောက်ပါအချက်များနှင့် ညီညွတ်မှုရှိရမည်–

(က) ယာဉ်ပိုင်ဆိုင်မှုရှိမှသာမော်တော်ယာဉ်လိုင်း လျှောက်ထားရမည်။



(ခ) မော်တော်ယာဉ်လိုင်းတစ်ခုတွင် အနည်းဆုံး ယာဉ်စီးရေ (၅)စီး ရှိရမည်။

(ဂ) မော်တော်ယာဉ်လိုင်းတစ်ခု၏ သက်တမ်းမှာ အများဆုံး သုံးနှစ်ဖြစ်သည်။သက်တမ်း ကုန်ဆုံးပါက တိုင်းဒေသကြီး ကော်မတီ၏ အတည်ပြုချက်ဖြင့် မြို့နယ်ကော်မတီတွင် သက်တမ်းတိုး လျှောက်ထားပြီး မှတ်ပုံတင်စာရင်း ရေးသွင်း ရမည်။

(ဃ) ခွင့်ပြုထားသည့် မော်တော်ယာဉ်လိုင်းသည် တစ်နှစ်ကျော် ပြေးဆွဲခြင်းမရှိပါက မော်တော်ယာဉ်လိုင်း ပြေးဆွဲခွင့်ကို ယာယီရပ်ဆိုင်းရမည်။

(င) သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်လျှင် တိုင်းဒေသကြီးကော်မတီက လုပ်ငန်း ယာယီရပ်ဆိုင်းခြင်း၊အမြဲတမ်းရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၂၀။ မော်တော်ယာဉ်လိုင်းများကို အောက်ပါအတိုင်း သတ်မှတ်သည် –

(က) မော်တော်ယာဉ်လိုင်းအကြီး (မော်တော်ယာဉ် ၁၁ စီးနှင့် အထက်)၊

(ခ) မော်တော်ယာဉ်လိုင်းအလတ် (မော်တော်ယာဉ် ၆ စီး မှ ၁၀ စီး အထိ)၊

| အဆင့် | ရာထူးအမည် |
|---|---|
| (က) အဆင့် (၁) | ဌာနမှူး |
| (ခ) အဆင့် (၂) | ကြီးကြပ်ရေးမှူး |
| (ဂ) အဆင့် (၃) | အကြီးတန်းစာရေး၊ လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ဒု-ကြီးကြပ်ရေးမှူး |
| (ဃ) အဆင့် (၄) | အငယ်တန်းစာရေး၊ ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ လ/ထကြီးကြပ်ရေးမှူး |
| (င) အဆင့် (၅) | ယာဉ်မောင်း |
| (စ) အဆင့် (၆) | ရုံးအကူ၊ စာပို့ |

၃၀။ ကော်မတီသည်ဝန်ထမ်းများကို အစမ်းခန့်ကာလ သုံးလအတွင်း အကျင့်စာရိတ္တ၊ တာဝန်ကျေပွန်မှု၊ အလုပ်အကိုင် ကျွမ်းကျင်မှုတို့နှင့် စပ်လျဉ်း၍ ကျေနပ်ဖွယ်ရာရှိပါက အတည်ပြုခန့်ထား နိုင်သည်။ အစမ်းခန့် ကာလအတွင်း ကျေနပ်ဖွယ်ရာမရှိပါက ရာထူးမှနုတ်ထွက် စေနိုင်သည်။



(ခ) နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၁)လအတွင်း ယာဉ်ပိုင်ရှင်များ သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများပါဝင်သော နှစ်ပတ်လည်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ဂ) ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်လုပ်သားများ၊ ရုံးဝန်ထမ်းများ၏ အထွေထွေကိစ္စရပ်များ ဆွေးနွေးပွဲကို (၆)လတစ်ကြိမ် ကျင်းပရမည်။

## အခန်း (၉)

## ကော်မတီ၏ ရငွေနှင့် သုံးငွေများ သတ်မှတ်ခြင်း

၂၃။ မြို့နယ်ကော်မတီ၏ ရငွေများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ယာဉ်လုပ်ငန်း မှတ်ပုံတင်ကြေး၊ လိုင်းဝင်ကြေး၊ လစဉ်ကြေး၊ ကြီးကြပ်ခ၊ ရန်ပုံငွေများကို ယာဉ်လုပ်ငန်းလုပ်ကိုင်သူ၊ ယာဉ်ပိုင်ရှင်များထံမှ ဤနည်းဥပဒေနှင့်အညီ သတ်မှတ်သော နှုန်းထားများအတိုင်း ကောက်ခံခြင်း၊

(ခ) ယာဉ်ရပ်စခန်းဝင်း၌ ဝင်ထွက်ရပ်နားကြသည့် တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ယာဉ်များနှင့် အခြားဒေသမှ လာရောက်ပြေးဆွဲသည့် ယာဉ်များကို သတ်မှတ်ထားသော ကြီးကြပ်ခကောက်ခံခြင်း၊

(ဂ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်သော ယာဉ်အသင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များကို သတ်မှတ်ထားသော ဒဏ်ကြေးချမှတ်ခြင်း၊

(ဃ) ရန်ပုံငွေတိုးပွားစေရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း။

၂၄။ မြို့နယ်ကော်မတီသည် နှစ်စဉ်ဝင်ငွေအရပ်ရပ်ကို အောက်ပါအတိုင်း ခွဲဝေသုံးစွဲရမည်−

(က) ချီးမြှင့်ငွေနှင့်ဝန်ထမ်းလစာ ၃၀ %

(ခ) ရင်းနှီးမြှုပ်နှံခြင်း၊ စုဆောင်းခြင်း ၃၀ %

(ဂ) လူမှုရေး၊ဘာသာရေး၊ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကိစ္စရပ်များတွင် လှူဒါန်းခြင်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများတွင် သုံးစွဲခြင်း ၂၅ %

(ဃ) ဆုချီးမြှင့်ခြင်း ၅ %

(င) ရုံးလုပ်ငန်းအတွက် သုံးစွဲခြင်း ၅ %

(စ) အထွေထွေသုံးစွဲခြင်း ၅ %

၂၅။ (က) ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့၏ ချီးမြှင့်ငွေမှာ တန်းတူညီမျှဖြစ်သည်။ ဂန်ထမ်း လစာမှာလည်း ရာထူးတာဂန်အလျောက် တန်းတူညီမျှဖြစ်သည်။ အထက်ပါကိစ္စ



အတွက် နည်းဥပဒေ ၂၄(က)ပါ ချီးမြှင့်ငွေနှင့်ဝန်ထမ်းလစာခေါင်းစဉ်အောက်မှ ကျခံသုံးစွဲရမည်။

(ခ) ခရိုင်ကော်မတီ၊မြို့နယ်ကော်မတီတို့၏ ရုံးလုပ်ငန်းအတွက် သုံးစွဲခြင်းနှင့် အထွေထွေ သုံးစွဲခြင်းတို့ကို နည်းဥပဒေ ၂၄(င)နှင့် (စ)ပါ ခေါင်းစဉ်အောက်မှကျခံသုံးစွဲရမည်။

၂၆။ ရန်ပုံငွေကို အစည်းအဝေးဆုံးဖြတ်ချက်အရသုံးစွဲရမည်။ မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၏ အကျိုးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်၍ သုံးစွဲရမည်။

## အခန်း (၁၀)

## ဝန်ထမ်းဖွဲ့စည်းခြင်း

၂၇။ လုပ်ငန်းကဏ္ဍအလိုက် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲများကို လိုအပ်သည့်ဝန်ထမ်းအင်အားဖြင့် ဖွဲ့စည်းနိုင်သည်။

၂၈။ ကော်မတီသည် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်။

၂၉။ ကော်မတီသည် လိုအပ်သောဝန်ထမ်းများကို အောက်ပါရာထူးအဆင့်များသတ်မှတ်၍ ခန့်ထားနိုင်သည်−

## အခန်း (၁၂)

## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၃၄။ ကော်မတီရန်ပုံငွေကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး တို့၏အမည်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း ပြုလုပ်ရမည်။

၃၅။ ကော်မတီပိုင် မတည်ပစ္စည်းနှင့် ငွေစာရင်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

၃၆။ ဌာနမှူးသည်–

(က) ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ ပြုစုထိန်းသိမ်းထားသည့် ငွေစာရင်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏စစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၃)

## အခကြေးငွေများ

၃၇။ ကော်မတီ၏ လုပ်ငန်းတာဝန်များအတွက် အကျုံးဝင်သည့် အခကြေးငွေ ကောက်ခံမှုနှုန်းထားမှာ ဤနည်းဥပဒေ နောက်ဆက်တွဲပါ ဇယားအတိုင်း ဖြစ်သည်။



၃၁။ ကော်မတီ၏ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဝန်ထမ်းခန့်ထားခြင်း၊

(ခ) ရာထူးတိုးမြှင့်ခြင်း၊

(ဂ) သာမန် အလုပ်ချိန်သတ်မှတ်ခြင်းနှင့် အချိန်ပိုဆောင်ရွက်စေခြင်း၊

(ဃ) ဆုချီးမြှင့်ခြင်းနှင့်အခြားခံစားခွင့်များချီးမြှင့်ခြင်း၊

(င) ခွင့်ပေးခြင်း၊

(စ) အရေးယူခြင်း၊

(ဆ) နုတ်ထွက်စေခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်း။

## အခန်း (၁၁)

## စည်းကမ်းသတ်မှတ်ချက်များ

၃၂။ တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်လုပ်ငန်းအသင်း၊ အဖွဲ့အစည်းများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများသည် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးကော်မတီတို့မှ တရားဝင် ခွင့်ပြုထားသည့် ယာဉ်လိုင်းအမည်ကိုသာ မော်တော်ယာဉ်နှင့် လက်မှတ် ရောင်းချသည့် နေရာတို့တွင် တပ်ဆင်သုံးစွဲရမည် ။

(ခ) တရားဝင်ခွင့်ပြုထားသည့် ပြေးဆွဲခွင့်ရ ခရီးစဉ်နှင့် ခွင့်ပြုမော်တော်ယာဉ်စီးရေအတိုင်း သာပြေးဆွဲရမည်။

(ဂ) ခရီးစဉ်ပြောင်းလဲပြေးဆွဲခြင်း၊ ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်းတို့ကို တိုင်းဒေသကြီးကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ စတင်ပြောင်းလဲပြေးဆွဲရမည်။

(ဃ) အများပြည်သူအကျိုးပြု လုပ်ငန်းများအတွက် မော်တော်ယာဉ်သုံးစွဲရန် လိုအပ်ပါက ကော်မတီမှ သတ်မှတ်သည့် အတိုင်း ပို့ဆောင်ပေးရမည်။

(င) ကော်မတီမှ ယာဉ်လုပ်ငန်းအသင်း၊ အဖွဲ့အစည်းများသို့ သတ်မှတ်ထုတ်ပြန်သည့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ချက်၊ ယာဉ်ရပ်နား ထွက်ခွာနေရာ သတ်မှတ်ချက်နှင့်ယာဉ်စီးခနှုန်းထား သတ်မှတ်ချက်တို့ကို လိုက်နာဆောင်ရွက်ရမည်။



(စ) ယာဉ်မောင်းချိန် (၈) နာရီထက်ကျော်လွန်သော အဝေးပြေးခရီးစဉ်ပြေးဆွဲသည့် ယာဉ်များတွင်အငှားယာဉ်မောင်းနှင့်ခွင့် လိုင်စင်ရရှိသည့် ယာဉ်မောင်းနှစ်ဦး လိုက်ပါ ရမည်။

၃၃။ မှတ်ပုံတင်ထားသော ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများသည် အောက်ပါစည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်ရမည်−

(က) မော်တော်ယာဉ်များသည် ကော်မတီ၏ခွင့်ပြုချက်ရရှိခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှအငှားယာဉ်အဖြစ် မှတ်ပုံတင်ထားရှိခြင်းနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ လုပ်ငန်းလိုင်စင်ရရှိပြီး ဖြစ်ရမည်။ ယာဉ်အသစ်ဖြစ်ပါက ခွင့်ပြုခရီးစဉ်ဖြင့် လုပ်ငန်းလိုင်စင် ရယူပြီးမှသာ ပြေးဆွဲရမည်။

(ခ) သက်ဆိုင်ရာကော်မတီမှ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး၊ လိုင်းဝင်ကြေး၊ လစဉ်ကြေးနှင့် နေ့စဉ်ယာဉ်လိုင်းပြေးဆွဲမှုအတွက် ကြီးကြပ်ခတို့ကို မပျက်မကွက် ပေးသွင်းရမည်။

(ဂ) ယာဉ်လုပ်သားနှင့် ယာဉ်ပိုင်ရှင်တို့အကြား အဆင်မပြေမှုများ၊ စည်းကမ်းပျက်ကွက်မှု များရှိပါက သက်ဆိုင်ရာကော်မတီသို့ အသိပေးတင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရမည်။

၃၈။ တိုင်းဒေသကြီးကော်မတီသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခကြေးငွေ ကောက်ခံမှု နှုန်းထားများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၁၄)

## အထွေထွေ

၃၉။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲဆိုင်ရာ ကန့်ကွက်ချက်များ ရှိလာပါက ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် တစ်ဦး တို့ပါဝင်သောအဖွဲ့ဖြင့် စိစစ်ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်တို့ကို ဝန်ကြီးထံသို့တင်ပြရမည်။

၄၀။ နည်းဥပဒေ ၃၉ ပါတင်ပြချက် နှင့်စပ်လျဉ်း၍ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၁။ ဤဥပဒေ၊နည်းဥပဒေများ အတည်မဖြစ်မီက သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များသည် ဤဥပဒေ၊နည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ အတည် ဖြစ်သည်။

၄၂။ တနင်္သာရီတိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေး ဆောင်ရွက်လျှက်ရှိသည့် မော်တော်ယာဉ်၊ ထရော်လာဂျီယာဉ်၊ သုံးဘီး ဆိုင်ကယ်များကို စည်းကမ်းထိန်းသိမ်းရန်အလို့ငှာ သတ်မှတ်ထားသော အမှတ်အသားတံဆိပ်များ သို့မဟုတ် အီလက်ထရောနစ် စမတ်ကတ်ပြားများ တပ်ဆင်ရန် တိုင်းဒေသကြီးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၄၃။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃ ကို ဤနည်းဥပဒေဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

---

အမိန့်အရ

ဒေါက်တာကျော်ဆန်း

ဝန်ကြီး

လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

| စဉ် | အကြောင်းအရာ | သတ်မှတ်နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|
| | (ဃ) ယာဉ်ငယ်<br>(ထရော်လာဂျီ၊ သုံးဘီး)<br>ခရီးသည် ၁၀ ဦးအထိ၊ ၃/၄ တန်အထိ | ၁၀၀ | |
| ၅ | **အနီးယာဉ်ရပ်နားစခန်းကြီးကြပ်ခ** | | |
| | (က) ယာဉ်ကြီး<br>(မှန်လုံယာဉ်ကြီး၊ကုန်တင်ယာဉ်ကြီး)<br>ခရီးသည် ၃၆ ဦးအထက်၊ ၇ တန်အထက် | ၅၀၀ | |
| | (ခ) ယာဉ်လတ်<br>(မှန်လုံယာဉ်လတ်၊ကုန်တင်ယာဉ်လတ်)<br>ခရီးသည် ၁၉ ဦးမှ ၃၅ ဦးအထိ၊<br>၂ တန်အထက်မှ ၇ တန်အထိ | ၃၀၀ | |
| | (ဂ) ယာဉ်ငယ်<br>(ဟိုင်းလတ်၊ဒိုင်နာ)<br>ခရီးသည် ၁၁ ဦးမှ ၁၈ ဦးအထိ၊<br>၃/၄ တန်မှ ၂တန်အထိ | ၂၀၀ | |
| | (ဃ) ယာဉ်ငယ်<br>(ထရော်လာဂျီ၊ သုံးဘီး)<br>ခရီးသည် ၁၀ ဦးအထိ၊ ၃/၄ တန်အထိ | ၁၀၀ | |

နောက်ဆက်တွဲ

**အခကြေးငွေကောက်ခံမှုနှုန်းထားများ**

| စဉ် | အကြောင်းအရာ | သတ်မှတ်နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | **မှတ်ပုံတင်ကြေး** | | |
| | (က)ယာဉ်ကြီး<br>(မှန်လုံယာဉ်ကြီး၊ကုန်တင်ယာဉ်ကြီး)<br>ခရီးသည် ၃၆ဦးအထက်၊ ၇ တန်အထက် | ၃၀၀၀ | |
| | (ခ) ယာဉ်လတ်<br>(မှန်လုံယာဉ်လတ်၊ကုန်တင်ယာဉ်လတ်)<br>ခရီးသည် ၁၉ ဦးမှ ၃၅ ဦးအထိ၊<br>၂ တန်အထက်မှ ၇ တန်အထိ | ၂၅၀၀ | |
| | (ဂ)ယာဉ်ငယ်<br>(ဟိုင်းလတ်၊ဒိုင်နာ၊ထရော်လာဂျီ၊သုံးဘီး)<br>ခရီးသည် (၁၈)ဦးအထိ၊ ၂ တန်အထိ | ၂၀၀၀ | |
| ၂ | **လိုင်းဝင်ကြေး** | | |
| | (က)ယာဉ်ကြီး<br>(မှန်လုံယာဉ်ကြီး၊ကုန်တင်ယာဉ်ကြီး)<br>ခရီးသည် ၃၆ ဦးအထက်၊ ၇ တန်အထက် | ၅၀၀၀၀ | |
| | (ခ)ယာဉ်လတ်<br>(မှန်လုံယာဉ်လတ်၊ကုန်တင်ယာဉ်လတ်)<br>ခရီးသည် ၁၉ ဦးမှ ၃၅ ဦးအထိ၊<br>၂ တန်အထက်မှ ၇ တန်အထိ | ၃၀၀၀၀ | |

| စဉ် | အကြောင်းအရာ | သတ်မှတ်နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|
| | (ဂ) ယာဉ်ငယ်<br>(ဟိုင်းလတ်၊ဒိုင်နာ)<br>ခရီးသည် ၁၁ ဦးမှ ၁၈ ဦးအထိ၊<br>၃/၄ တန်မှ ၂ တန်အထိ | ၂၀၀၀၀၀ | |
| | (ဃ) ယာဉ်ငယ်<br>(ထရော်လာဂျီ၊ သုံးဘီး)<br>ခရီးသည် ၁၀ ဦးအထိ၊ ၃/၄ တန်အထိ | ၁၀၀၀၀၀ | |
| ၃ | **လစဉ်ကြေး** | | |
| | (က) ယာဉ်ကြီး<br>(မှန်လုံယာဉ်ကြီး၊ကုန်တင်ယာဉ်ကြီး)<br>ခရီးသည် ၃၆ ဦးအထက်၊ ၇ တန်အထက် | ၇၀၀၀ | |
| | (ခ)ယာဉ်လတ်<br>(မှန်လုံယာဉ်လတ်၊ကုန်တင်ယာဉ်လတ်)<br>ခရီးသည် ၁၉ ဦး မှ ၃၅ ဦးအထိ၊<br>၂ တန်အထက်မှ ၇ တန်အထိ | ၆၀၀၀ | |
| | (ဂ) ယာဉ်ငယ်<br>(ဟိုင်းလတ်၊ဒိုင်နာ)<br>ခရီးသည် ၁၁ ဦးမှ ၁၈ ဦးအထိ၊<br>၃/၄ တန်မှ ၂တန်အထိ | ၅၀၀၀ | |



| စဉ် | အကြောင်းအရာ | သတ်မှတ်နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|
| | (ဃ) ယာဉ်ငယ်<br>(ထရော်လာဂျီ၊ သုံးဘီး)<br>ခရီးသည် ၁၀ ဦးအထိ၊ ၃/၄ တန်အထိ | ၃၀၀၀ | |
| ၄ | **အဝေးပြေးယာဉ်ရပ်နားစခန်းကြီးကြပ်ခ** | | |
| | (က) ယာဉ်ကြီး | | |
| | မှန်လုံယာဉ်ကြီး<br>(ခရီးသည် ၃၆ ဦး အထက်) | ၇၀၀ | |
| | ကုန်တင်ယာဉ်ကြီး (၇ တန်အထက်) | ၁၀၀၀ | |
| | (ခ) ယာဉ်လတ်<br>(မှန်လုံယာဉ်လတ်၊ကုန်တင်ယာဉ်လတ်)<br>ခရီးသည် ၁၉ ဦးမှ ၃၅ ဦးအထိ၊<br>၂ တန်အထက်မှ ၇ တန်အထိ | ၅၀၀ | |
| | (ဂ) ယာဉ်ငယ်<br>(ဟိုင်းလတ်၊ဒိုင်နာ)<br>ခရီးသည် ၁၁ ဦးမှ ၁၈ ဦးအထိ၊<br>၃/၄ တန်မှ ၂တန်အထိ | ၅၀၀ | |

တနင်္သာရီတိုင်းဒေသကြီး

ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးနည်းဥပဒေများ

တနင်္သာရီတိုင်းဒေသကြီး

ပုဂ္ဂလိကယာဉ်များပြေးဆွဲရေးဥပဒေနှင့်

နည်းဥပဒေများ

၂၀၁၃ ခုနှစ်